ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်တွင်းအခွန်များဦးစီးဌာန

အများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက် (Public Ruling)

အမှတ်၊ ၁ / ၂၀၁၉

နေပြည်တော်၊ ၁၃၈၁ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်)

## အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည့် သက်ဆိုင်ရာအခွန်ဥပဒေများပါ ကိစ္စရပ်များအား အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုခြင်း

### နိဒါန်း

၁။ အခွန်ဝန်ထမ်းများနှင့် အများပြည်သူတို့အတွက် လမ်းညွှန်မှုဖြစ်စေရန်အလို့ငှာ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ လိုက်နာဆောင်ရွက်ရမည့် သက်ဆိုင်ရာအခွန်ဥပဒေများပါ ကိစ္စရပ်များအား အဓိပ္ပာယ်ရှင်းလင်း ဖွင့်ဆိုခြင်း ဖြစ်ပါသည်။

၂။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ)အရ ပြည်တွင်းအခွန်များဦးစီးဌာနအပေါ် စည်းနှောင်သက်ရောက်မှု ရှိသည်။

### သက်ဆိုင်သည့်အကြောင်းအရာ

၃။ ဝင်ငွေခွန်ဥပဒေ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် အဆိုပါ ဥပဒေများအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းများပါ ကိစ္စရပ်များအနက် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့်အညီ လိုက်နာကျင့်သုံးဆောင်ရွက်ရမည့် ကိစ္စရပ်များအား ပြည်တွင်းအခွန်များ ဦးစီးဌာနအနေဖြင့် မည်ကဲ့သို့ အဓိပ္ပာယ်သတ်မှတ်ကြောင်း ရှင်းလင်းအသိပေးခြင်း ဖြစ်ပါသည်။

**သက်ဆိုင်သည့်ဥပဒေပြဋ္ဌာန်းချက်**

၄။ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၈၄ တွင် "တည်ဆဲအခွန်ဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ပါရှိစေကာမူ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်" ဟု ပြဋ္ဌာန်းထားပါသည်။

**အဓိပ္ပာယ်ရှင်းလင်းဖွင့်ဆိုချက်**

၅။ နောက်ဆက်တွဲဇယားတွင် ဖော်ပြထားသည့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းများပါ ကိစ္စရပ်များသည် အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကိစ္စရပ်များအား အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေနှင့်အညီသာ လိုက်နာကျင့်သုံး ဆောင်ရွက်ရမည် ဖြစ်ပါသည်။

**အကျိုးသက်ရောက်ခြင်း**

၆။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်သည် ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

၇။ ဤအများပြည်သူသိရှိလိုက်နာရန်သတ်မှတ်ချက်ကို လက်မှတ်ရေးထိုးထုတ်ပြန်လိုက်သည်။

(မင်းထွဋ်)
ညွှန်ကြားရေးမှူးချုပ်

စာအမှတ်၊ ၁(၂)/ ဥစ-၁/ ပတခ/ ၂၀၁၉ ( ၁၁၇၈၇ )
ရက် စွဲ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၇ ရက်

**ဖြန့်ဝေခြင်း**

မြန်မာနိုင်ငံစာရင်းကောင်စီ
ညွှန်ကြားရေးမှူးချုပ်၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
ဒုတိယညွှန်ကြားရေးမှူးချုပ် (အားလုံး)

} မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံပေးပို့ပါသည်။

ဌာနခွဲညွှန်ကြားရေးမှူး (အားလုံး)

| | |
|---|---|
| ဌာနမှူး၊ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး<br>ဌာနမှူး၊ အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး (၁)၊ (၂)၊ (၃)၊(၄) (၅)<br>တိုင်းဒေသကြီး/ ပြည်နယ်အခွန်ဦးစီးဌာနမှူး (အားလုံး)<br>ပြည်ထောင်စုနယ်မြေအခွန်ဦးစီးဌာနမှူး | သက်ဆိုင်ရာ အခွန်ထမ်းများကို အသိပေးရှင်းလင်းရန် ညွှန်ကြား ပေးပို့ပါသည်။ |

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေ များ | ဝင်ငွေခွန် စည်းမျဉ်း များ | ကုန်သွယ် လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများ | အထူး ကုန်စည်ခွန် ဥပဒေ | အထူး ကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁ | ပုဒ်မ ၄၉ | | | | စည်းမျဉ်း ၅၃ | | | အခွန်ထမ်း၏ သတင်းအချက်အလက်များအား လျှို့ဝှက်ထိန်းသိမ်းခြင်း |
| ၂ | | | | | စည်းမျဉ်း ၈ | | နည်းဥပဒေ ၁၂ | သတင်းအချက်အလက်အပြောင်းအလဲ အကြောင်းကြားခြင်း |
| ၃ | ပုဒ်မ ၅၅ | | | | စည်းမျဉ်း ၅၂ | | နည်းဥပဒေ ၆၀ | အကြောင်းကြားစာပေးပို့ခြင်း |
| ၄ | ပုဒ်မ ၅၂ | | | ပုဒ်မ ၂၈ | စည်းမျဉ်း ၄၉ (က) | | | စာရင်းနှင့် မှတ်တမ်းများထိန်းသိမ်းခြင်း |
| ၅ | ပုဒ်မ ၁၇ (ဂ) | | | ပုဒ်မ ၁၃ (ဂ) | | | နည်းဥပဒေ ၃၃၊ ၃၄ (ခ) (၃)၊ | အခွန်ကြေညာလွှာ တင်သွင်းရန် တောင်းဆိုခြင်းနှင့် ကြေညာလွှာအား ပြင်ဆင်ခြင်း |
| ၆ | ပုဒ်မ ၄၂၊ ၄၃၊ ၄၄၊ ၄၄-က၊ ၄၅ | | | ပုဒ်မ ၂၅ | | ပုဒ်မ ၃၀၊ ၃၁ | နည်းဥပဒေ ၃၉ | သတင်းအချက်အလက်တောင်းခံခြင်းနှင့် ဥပစာသို့ ဝင်ရောက်စစ်ဆေးခြင်း |

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေ များ | ဝင်ငွေခွန် စည်းမျဉ်း များ | ကုန်သွယ် လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများ | အထူး ကုန်စည်ခွန် ဥပဒေ | အထူး ကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၇ | ပုဒ်မ ၁၉၊ ၃၀ (ခ) | နည်းဥပဒေ ၇၊ ၈ | စည်းမျဉ်း ၃(ဂ)၊ ၆ (ခ)၊ (ဂ)၊ (ဃ)၊ (င)၊ ၉ | ပုဒ်မ ၁၄ | | ပုဒ်မ ၁၇ | နည်းဥပဒေ ၃၈ | အခွန်စည်းကြပ်ခြင်း |
| ၈ | ပုဒ်မ ၂၁၊ ၂၂ | | | ပုဒ်မ ၁၇၊ ၁၈ | | ပုဒ်မ ၁၉၊ ၂၀ | နည်းဥပဒေ ၄၅ | ပြန်လည်စည်းကြပ်ခြင်းနှင့် မှားယွင်းချက်ကို ပြင်ဆင်ခြင်း |
| ၉ | ပုဒ်မ ၅၃ | | | | စည်းမျဉ်း ၁၁၊ ၁၂ | | နည်းဥပဒေ ၃၅၊ ၃၆ ၄၀ | အခွန်တောင်းခံလွှာ၊ အခွန်တောင်းခံခြင်း |
| ၁၀ | ပုဒ်မ ၃၂၊ ၃၃၊ ၃၃-က၊ ၃၄၊ ၃၅၊ ၃၆၊ ၅၈ | | စည်းမျဉ်း ၅ | ပုဒ်မ ၁၉၊ ၁၉ - က၊ ၂၀ | စည်းမျဉ်း ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄ | ပုဒ်မ ၂၁ | နည်းဥပဒေ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄ | အယူခံခြင်း၊ ပြင်ဆင်ခြင်း |

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေ များ | ဝင်ငွေခွန် စည်းမျဉ်း များ | ကုန်သွယ် လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ် လုပ်ငန်းခွန် စည်းမျဉ်းများ | အထူး ကုန်စည်ခွန် ဥပဒေ | အထူး ကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁၁ | ပုဒ်မ ၂၃၊ ၂၄၊ ၂၅၊ ၂၇ | | | | စည်းမျဉ်း ၄၅၊ ၄၆၊ ၄၇ | | နည်းဥပဒေ ၅၅၊ ၅၆၊ ၅၇ | ထူးခြားသော ကိစ္စရပ်များအတွက် အခွန် စည်းကြပ်ခြင်းဆိုင်ရာ နည်းလမ်းများ |
| ၁၂ | ပုဒ်မ ၃၇ | နည်းဥပဒေ ၉ (၅) | | ပုဒ်မ ၁၆ | စည်းမျဉ်း ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈ | ပုဒ်မ ၁၈ | နည်းဥပဒေ ၄၈၊ ၄၉ | ပြန်အမ်းခြင်း |
| ၁၃ | | | | | | ပုဒ်မ ၁၂ (ခ) | | အခွန်ပေးဆောင်ရမည့် သတ်မှတ်ရက် တိုးမြှင့်ခြင်း |
| ၁၄ | ပုဒ်မ ၃၉၊ ၄၀၊ ၄၁ | နည်းဥပဒေ ၉ (ဃ)၊ | | ပုဒ်မ ၂၄ | | ပုဒ်မ ၂၉ | | အခွန်အရကောက်ခံခြင်း |
| ၁၅ | | | | ပုဒ်မ၂၁ (က) | | ၂၂(က) | | မှတ်ပုံတင်ရန်ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေ |
| ၁၆ | ပုဒ်မ ၄၆ (က) | | | ပုဒ်မ ၂၁ (ခ)၊ (င)၊ ၂၁-က | | ပုဒ်မ ၂၂ (င) | | ကြေညာလွှာတင်သွင်းရန် ပျက်ကွက် ခြင်း၊ လစဉ်ကျသင့်အခွန်ပေးသွင်းရန် ပျက်ကွက်ခြင်း၊ စာရင်းနှင့် အထောက် အထားများ တင်ပြရန် ပျက်ကွက်ခြင်းတို့ အတွက် ဒဏ်ကြေးငွေ၊ |

| စဉ် | ဝင်ငွေခွန် ဥပဒေ | ဝင်ငွေခွန် နည်းဥပဒေများ | ဝင်ငွေခွန် စည်းမျဉ်းများ | ကုန်သွယ်လုပ်ငန်းခွန် ဥပဒေ | ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ | အထူးကုန်စည်ခွန် ဥပဒေ | အထူးကုန်စည်ခွန် နည်းဥပဒေများ | အကြောင်းအရာ |
|---|---|---|---|---|---|---|---|---|
| ၁၇ | ပုဒ်မ ၄၇၊ ၄၆ (ခ) | | | ပုဒ်မ ၂၂ | | ပုဒ်မ ၂၃၊ ၂၅၊ ၂၈၊ ၃၁၊ | | လိမ်လည်ခြင်း /အခွန်တိမ်းရှောင်ခြင်းနှင့် သတင်းအချက်အလက် ထုတ်ဖော်ရန် ပျက်ကွက်ခြင်းအတွက် ဒဏ်ကြေးငွေ |
| ၁၈ | ပုဒ်မ ၁၆ (ဃ)၊ ၁၆-က (ဂ) | | | ပုဒ်မ ၂၁ (ဃ) ၊(ဂ) | | ပုဒ်မ ၂၂ (ဃ) | | အခွန်ပေးဆောင်ရန် ပျက်ကွက်ခြင်းနှင့် စည်းကြပ်မှုနှင့် စပ်လျဉ်း၍ အကြောင်းကြားခေါ်ယူခြင်းကို ပျက်ကွက်ခြင်း အပေါ် တပ်ရိုက်သည့် ဒဏ်ကြေးငွေ |
| ၁၉ | ပုဒ်မ ၅၀ | | | | စည်းမျဉ်း ၄၈ | | | တရားစွဲဆိုရန် ခွင့်ပြုချက် ရယူခြင်း၊ |
| ၂၀ | ပုဒ်မ ၄၈ | | | ပုဒ်မ ၂၃ | | ပုဒ်မ ၂၆၊ ၂၇ | | အဂတိလိုက်စားမှုအတွက် ပြစ်ဒဏ် |